ညောင်ပင်သာကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်သာကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘ်ာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ညောင်ပင်သာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား၃၈ အိမ်သာ အမျိုးအစား

ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိ နိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ပင်သာကျေးရွာ
မိုးညှင်းမြို့နယ်

## ညောင်ပင်သာကျေးရွာသယံဇာတပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၏ အရှေ့ဘက်တွင်ကပ်လျက်တည်ရှိသည်။ မီးရထားလမ်းနှင့်ယှဉ်ပြိုင်လျက် ကျေးရွာချင်းဆက် ကတ္တရာလမ်းမ တစ်ခုလည်းရှိသည်။ ကတ္တရာလမ်း အကျယ်မှာ ၁၀ပေမျှသာရှိသဖြင့် ကား(၂)စီးမရှောင်ကွင်းသာအောင် ကျဉ်းမြောင်းလျက်ရှိပါသည်။ လမ်းတိုးချဲ့အစီအစဉ်များ ပြုလုပ်နေသော်လည်း ကျေးရွာဘက်သို့မရောက်ရှိလာသေးချေ။ အနီးမြို့အနေဖြင့် ကျေးရွာတောင်ဘက်(၈)မိုင်အကွာတွင် မိုးညှင်းမြို့နှင့် မြောက်ဘက်(၁၀)မိုင်အကွာအဝေး၌ ဟိုပင်မြို့ရှိသည်။ကျေးရွာအနောက်ဘက်တွင် ပြည်ထောင်စုကားလမ်းမကြီးမှာ အနောက်တောင်တန်းများအခြေမှ ဖောက်လုပ်ထားခြင်းဖြစ်သည်။ နယ်မြေလုံခြုံရေးအတွက် တပ်ရင်း(၂)ရင်းရှိသည်။ ရေဝေရေလွှဲများပေါ်များသဖြင့် တောင်များမှာ စိမ်းစိုးလျှက်ရှိသည်။ ၎င်းအနောက်ဘက်တောင်တန်းကို ကျော်ဖြတ်သွားရန် ကတ္တရာလမ်းမကြီးတစ်ခုလဲဖောက်လုပ်ထားသည်။ ကချင်ပြည်နယ်၏ နာမည်ကျော်ကြားသော အင်းတော်ကြီးအိုင်သို့ သွားရာလမ်းပင်ဖြစ်သည်။ ထိုလမ်းမှ ကျောက်စိမ်းတွင်း ဖားကန့်၊တာမခံသို့ဆက်၍ သွားလာနိုင်ပါသည်။ ကျေးရွာအရှေ့လက်၌လည်း မှိုင်းညို့သောတောင်တန်းကြီးများရှိသည်။ တောင်တန်းနှစ်ခုကြားလွင်ပြင်ဒေသ၌ တည်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။ ရွာ၏ဘေးပတ်ဝန်းကျင်တွင် လယ်ကွင်းများရှိပြီး အရှေ့ဘက်တွင်ကပ်လျက် နန့်ရင်းချောင်းလဲရှိသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ လယ်ယာမြေတွင် သီးနှံစိုက်ပျိုးရန် ကဝဆည်မှ ရေကို အခြားကွင်းများ၏ပိုလျှံရေမှ အဆင့်ဆင့်ရောက်ရှိလာသောရေဖြင့်စိုက်ပျိုးရသဖြင့် ရေလုံလောက်စွာမရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၂၂၅)ဧကရှိပြီး စပါးနှင့်မြေပဲကို စိုက်ပျိုးသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၅)စုနှင့် ကျား(၂၇၀)၊မ(၃၅၀) လူဦးရေပေါင်း(၆၂၀)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် သာလွန်ပါသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၀.၃၂%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၁၀.၄၂)%မျှ ပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃၀%သည် ဆင်းရဲနှင့်အလွန်အိမ်ထောင်စုအဆင့်အဖြစ်ခံယူပြီး ၁၇%သည် ချမ်းသာသည့်အဆင့် ၁၉%သည် အလယ်အလတ်ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနည်းပါသောကြောင့် ကျေးရွာစီးပွားရေးအနေအထား မကောင်းမွန်ပါ။ လက်သမား၊ပန်းရံ အငှားလုပ်ကိုင်စားသောက်သော အိမ်ထောင်စုများသော ကြောင့် စီးပွားရေးမကောင်းမွန်ကြခြင်းဖြစ်ပါသည်။

## (ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများခြင်း၊ရွာငယ်ခြင်း၊ ဆင်းရဲအိမ်ထောင်စုများပြားခြင်း၊ စိုက်ပျိုးမြေနှင့် စိုက်ပျိုးသီးနှံနည်းပါခြင်းတို့ကြောင့် စီးပွားရေးအခြေအနေ အသင့်အတင့်သာ ရှိကြသည်။ ကျေးရွာတွင်ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု ၃၀%ဖြစ်သော အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင် ကြောင်း၊၂၀%မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ ၆လခန့်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေး တင်ရှိမှုတွင် တွေ့ဆုံသိရှိခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ -၅၀၀၀၀ကျပ်မှ ၅၀၀၀၀၀ ကျပ်ထိတင်ရှိနေကြသည်။ အိမ်ထောင်စုများ၏ ၃၁%ခန့်သည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်

လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲ မှု အန္တရာယ်တို့ ရှိတတ်ကြသည်။ ယခုနှစ်ပိုင်းများတွင် အဝေးပြေးကားလမ်းပေါ်တည်၍ ယာဉ်မတော်တဆမှု ဖြစ်ပွားမှုများလာခဲ့သည်။ လွန်ခဲ့သောနှစ်က ယာဉ်မတော်တဆမှု (၉)မှု ဖြစ်ပွားခဲ့ရာ ရွာသားအချို့ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားများသည် သာမန်အားဖြင့် ကျန်းမာရေး အလယ်အလတ် ကောင်းမွန်ကြပြီး အဟာရအသင့်အတင့်ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာရေးအသင့်အတင့် ကောင်းမွန် ကြပါသည်။ အမျိုးသမီး၊လူငယ်လူရွယ်၊ သင်ကြီးပိုင်းတို့သည် တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်း မာရေးအသိအမြင်များလိုအပ်သည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက် မှုများကို ၄ဖာလုံခန့်ဝေးသော ကျေးလက်ဆေးခန်းနှင့် ၈မိုင်ခန့်ဝေးသောနေရာတွင် မြို့နယ်အဆင့် သွားရောက်အလွယ်တကူ ကုသနိုင်သည်။ ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက် သင်ကြားနိုင်ကြသည်။ သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့မှာ လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားမှုအားကောင်းသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်မြေပဲကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၂၂၅)ရှိပြီး သီးထပ်အဖြစ်မြေပဲအနည်းငယ် စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ(၉၀)တင်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုပေးသည်။ တောင်သူလယ်သမားအများစုမှာ နွားဖြင့်သာထွန်ယက်ပြီး ကားဖြင့်ထွန်ယက်ရန်တဝက်ခန့်သာရှိသည်။ အစိုးရစိုက်ဘဏ်မှ မိုးစိုက်ပျိုး စရိတ်တစ်ဧက(၁၅၀၀၀၀)ကျပ်ထုတ်ချေးပေးသည်။ လယ်ယာစိုက်ပျိုးရန်အတွက် ဆည်မြောင်းရေပေးမှုမရှိသောကြောင့် မိုးခေါင်နှစ်များတွင် ရေအခက်အခဲဖြစ်သည်။ လယ်ယာမြေများတွင် တစ်ခါတစ်ရံ ပိုးမွှားများကျရောက်သည့်အခါ ဖျက်ပိုးများအား ပိုးသတ်ဆေးဖျန်းပြီး ပိုးသတ်ခြင်း ပြုလုပ်ကြရသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက် တစ်ရွာလုံး၏ ၂၂.၈၆%ရှိသည်။ ကြက်မွေးသည့် အိမ်ထောင်စုသည် ၃၆.၁%ရှိသည်။ ရာသီလိုက်ဖြစ်တတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါနှင့် ဝက်နာရွက်ပြာရောဂါ ဝမ်းပျက်၊ဝမ်းလျှောရောဂါများ ဖြစ်တတ်သည်။ထိုရောဂါများကို မြို့နယ်မွေးကုဦးစီးဌာနမှ လာရောက်ပညာပေးကုသပေးပါ သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအတွက် မြို့နယ်သမအသင်းစုမှ ချေးငွေများကို တစ်ဦးလျှင် (၃၀၀၀၀၀)ကျပ်မှ (၅၀၀၀၀၀)ကျပ်ထုတ်ချေးပေးပါသည်။အတိုးနှုန်း(၁.၅)%ကျပ်ဖြစ် ပါသည်။ ရွာထဲမှ ချေးငွေချေးသူထံမှ ချေးလျှင်အတိုးနှုန်းမှာ(၅)ကျပ်မှ(၁၀)ကျပ်ထိ ဖြစ်သော ကြောင့် အခက်အခဲများရှိကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်၊ ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ လက်လုပ် လက်စားအလုပ်များမှာ ၁၂လရာသီပတ်လုံး လုပ်ကိုင်နိုင်သည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား

အလာကောင်းတစ်ရပ်ဖြစ်သည်။လက်လုပ်လက်စားအများစုမှ ပန်းရံ၊လက်သမား၊ကျဘမ်း အလုပ်များဖြစ်ကြပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

တောင်သူများအနေနှင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး စိုက်ဘဏ်မှ ထုတ်ချေးငွေကို တစ်နှစ်(၁.၅)ကျပ်နှုန်းဖြင့် တစ်ဧကေ(၁၅၀၀၀၀)ကျပ်နှုန်းနှင့် (၁၀)ဧက ချေးယူနိုင်ကြသည်။ တောင်သူများကို တစ်ခိုင်လုံးရွေ့ သမလိမိတက် တစ်ဦးလျှင်(၅၀၀၀၀၀)ကျပ်၊အတိုးနှုန်း(၁.၅)ကျပ်ဖြင့်လည်း ချေးငွေထုတ်ချေးပေးပါသည်။ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းမျိုးစုံ၊ကျန်းမာရေး၊ရိက္ခာ၊ပညာရေး၊စိုက်ပျိုးရေးစရိတ်တို့အတွက် လိုအပ်သလို အသုံးပြုသုံးစွဲကြသည်။ ကျေးရွာအတွင်းဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၅၀၀၀၀)ကျပ်မှ (၁၀၀၀၀၀၀)ကျပ်အထိ ချေးယူထားကြောင်းတွေ့ရှိခဲ့ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်း ၁၀၈ပေ×၃၀ပေ×၁၂ပေအရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် ပျဉ်ခင်း(ကြမ်းခင်းဆွေးမြေ့ပျက်စီးနေသဖြင့် ပြုပြင်ရန်လို)ဆောက်လုပ်ထားပါသည်။ မူကြိုကျောင်းတွင် ဆရာမမရှိသဖြင့် ဌာနရမ်းအသုံးပြုရခြင်းတို့ကြောင့် မူကြိုကျောင်းဆောင်အသစ်နှင့် ဝန်ထမ်းအိမ်ယာဆောက်လုပ်ရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကျောင်းဝင်းလုံခြုံရေးအတွက် ဝင်းခြံကာရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

သောက်သုံးရေအတွက် လက်နှိပ်တုံကင်နှင့်မော်တာသုံး ရေတုံကင်တပ်ဆင်သုံးစွဲကြပြီး ရေတွင်းအနည်းငယ်ရှိပါသည်။ ရွာတွင် ရေတွင်း(၁၅)တွင်းရှိပြီး တုံကင်(၇၂)တွင်းရှိသောကြောင့် ရေသုံးစွဲမှုလုံလောက်စွာ ရရှိပါသည်။ငွေကြေးအဆင်ပြေသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး အသင့်အတင့်ရှိသော အိမ်ထောင်စုများမှာ မြေကျင်းတူး အိမ်သာများဖြစ်ပြီး တောထိုင်စွန့်များမရှိပါ။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာ အုတ်သပ်ရပ်စွာပြုလုပ်ထားပြီး သောက်ရေမှာ ရေစစ်ကန်နှင့် ပြုလုပ်ထားပါသည်။ အိမ်သာမှာ (၃)ခန်းတွဲတစ်လုံးနှင့်

(၂)ခန်းတွဲ တလုံးဆောက်လုပ်ထားပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကပြဆင်နွှဲကြသည်။ အပျိုလူပျိုအသင်းပိုင်စက်၊မီးစက်နှင့် ချဲ့စက်များ တည်ထောင်ထားသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး လမ်းအကျယ်မှာ ၃၀ပေ ဖြစ်သည်။ မိုးရာသီတွင် ချိုင့်ခွက်များဖြစ်ခြင်းကြောင့် ရွှံ့ဗွက်များဖြစ်ခြင်း၊ လမ်းမြေမညီညာခြင်း ကြောင့် သွားလာရန်ခက်ခဲခြင်းကြောင့် လမ်းအားလုံး ကတ္တရာလမ်း(သို့) ကွန်ကရစ်လမ်းခင်းပေး သင့်ကြောင့် တွေ့ရှိရပါသည်။ နန်းမားကျေးရွာနှင့်ရွာချင်းဆက်လမ်းတွင် ၂၀ပေ×၇ပေ×၆ပေ အရွယ်ရှိ တံတား အသစ်ဆောက်လုပ်ရန်လိုအပ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် သွားလာနေထိုင်ရန် အဆင်ပြေသည်။ ရွာသားများ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး သတင်း အရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်နိုင်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါး ရေးစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် (၁၀)တစ်စုဖွဲ့စည်းပြီး (၁၀)အိမ်စု (၁၀)စုတွင် ရာအိမ်မှူးတစ်ယောက်ဖွဲ့ အုပ်ချုပ်ထားပြီး ကျေးရွာအတွက် ကြက်ခြေနီ၊ မိခင်နှင့်ကလေးအဖွဲ့များဖွဲ့၍ စောင့်ရှောက်မှုပေးကြောင်းသိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းပြင်ပမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည်။ လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းကြောင့် လူနေမှုအဆင့်အတန်းမြှင့်မားလာရေးအတွက် အထောက်အကူပြု သည်။

ကျေးရွာတွင်(၁၀၅)အိမ်ထောင်စုရှိသည့်အနက် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီတာသုံးစွဲသည့် အိမ်ထောင်စုမှာ(၄၁)ရှိကြောင်းသိရှိရပါသည်။ လျှပ်စစ်မီး မသုံးစွဲအိမ်ထောင်စုမှာ (၄၁)အိမ်ရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများမှာ ဆင်းရဲသော အိမ်ထောင်စုဖြစ်ကြောင်း သိရှိရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ သယံဇာတများမထွက်ရှိပါ။လယ်ယာမြေထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်လုပ်ကိုင်ရပေမည်။ နွေစပါး သီးထပ်နှင့် အခြားသီးနှံပင်စိုက်ပျိုးရန် ခက်ခဲ ပြီး ဆည်မြောင်းမှာရေလုံလောက်မှုမရှိသဖြင့် လယ်ယာမြေစိုက်ပျိုးရာတွင် ခက်ခဲမှုရှိသည်။ စိုက်ပျိုးရေးအသိပညာပေးလိုအပ်ပြီး လယ်ယာမြေစိုက်ပျိုးမှုအတွက် မြေဩဇာနှင့်စက်များလိုအပ်သည်။ ကျေးရွာတွင်အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် လိုအပ်လျှက်ရှိပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။ ကုန်ထုတ်တံတား (၁)စီးတည်ဆောက်ရန်လိုအပ်ကြောင်းသိရှိရပါသည်။ ရေလွှဲဆည်(၁)ခုတည်ဆောက်ရန် လိုအပ်ပါသည်။ ဒေသထွက်ကုန်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရောင်းချနိုင်ရန်အတွက် ရှိသင့်ကြောင်းသိရှိရပါသည်။ အပျိုလူပျိုပိုင်ဆိုင်မှုလုပ်ငန်းများ အသုံးပြုရန် အဓိက (စတီး)မဏ္ဍာပ်လိုအပ်ကြောင်းသိရှိရပါသည်။ ပွဲလမ်းသဘင်များတွင် ချက်ပြုတ်စားသောက်ရေး အတွက် ဒါန်အိုးကြီး၊ဒါန်အိုးငယ်များ၊အိုးခွက်၊ပုဂံများနှင့် မဏ္ဍာပ်နှင့်ခန်းမတစ်ခု လိုအပ်ကြောင်းသိရှိရပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျေးရွာတွင်အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေအတွက် မြို့နယ်ရှိ ဘဏ်များရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများ ထွန်းကား လာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများတွင် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်သူများက တစ်ဖန် ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု တိုးတက်စေမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရန် မီးသတ် ရေကန်တည်ဆောက်ရန်၊စာသင်ကျောင်း ပြုပြင်ထိန်းသိမ်း တည်ဆောက်ရန် မူကြိုကျောင်း ဆောက်လုပ်ရန် ဝင်းခြံစည်းရိုးကာရန်၊အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန်၊လူနာတင်ယာဉ်တစ်စီးနှင့် ဘောလုံးကွင်းနှင့်အားကစားဆိုင်ရာ အထောက်အပံ့လိုအပ်ကြောင်း သိရှိရပါသည်။

### (က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် လယ်ယာမြေစိုက်ဧက(၂၂၅) ရှိသော်လည်း သီးထပ်အဖြစ်စိုက်ပျိုးရန် မြေဩဇာနှင့်ရေအခက်အခဲကြောင့် သီးထပ်သီးနှံမစိုက်ပျိုးနိုင်ကြပါ။ မြေပဲအနည်းငယ်သာ စိုက်ပျိုး ကြပါသည်။ သဘာဝမြေဩဇာ၊နွားချေး၊ကြက်ချေးနှင့် သစ်ရွက်ဆွေး မြေဩဇာများသာ အများဆုံး သုံးစွဲကြပါသည်။ သီးနှံဖျက်ပိုးများ တစ်ခါတစ်ရံ ကျရောက်တတ်ပါသည်။ ပိုးသတ်ဆေးနှင့် မြေဩဇာများကို ပုဂ္ဂလိကဆိုင်ရာများတွင် ဝယ်ယူသုံးရာတွင်ငွေကြေးပိုမိုကုန်သော်ကြောင့် စိုက်ပျိုးရေးအတွက် အထောက်အပံ့ ပိုးသတ်ဆေးများ မြေဩဇာနှင့် စိုက်ပျိုးနည်းပညာကောင်း လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျွန်ုပ်ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုဝင်များသောကြောင့် မြစိမ်းရောင်စီမံကိန်းလိုအပ်ကြောင်းသိရှိရပါသည်။ လူငယ်လူရွယ်များနှင့်လိုက်ဖက်သော စားဝတ်နေရေးဆိုင်ရာ၊စီးပွားရေးဆိုင်ရာ အခွင့်အလမ်းနှင့်အလုပ်များ ဖန်တီးပေးရန်လိုအပ်ကြောင်း သိရှိရပါသည်။ လိုင်စင်ရသစ်အရောင်းဆိုင်များ ဖွင့်လှစ်ပေးရန်လိုကြောင်းလဲ သိရှိရပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ ကျေးရွာတွင်း လမ်းဘေးဝဲယာရေနုတ်မြောင်းပြုလုပ်ခြင်း | ၁၀၀ | ၁ | – စီမံချက်ထဲရေးဆွဲ ရန် အကုန်အကျ များမည့် လမ်း၊ တံတားများ ပံ့ပိုးငွေ တောင်းခံရန်<br>– ပြွန်လုံးများအား ကျေးရွာမှ ဝိုင်းဝန်းပြုပြင်ရန် | ကျေးလက်ဦးစီး |
| | ၂။ စာသင်ကျောင်းပြုပြင်ရန်၊ မူကြိုကျောင်း ဆောက်၊ခြံဝန်းကာ၊ ဝန်ထမ်းအိမ်ယာ | ၉၉ | ၂ | • နိုင်ငံတော်စီမံချက်၌ ထည့်သွင်းရေးဆွဲရန် ကျေးရွာလုပ်အားရှိ၊ မြေနေရာအကျယ်အဝန်းရှိ<br>– | |
| | ၃။ အုပ်ချုပ်ရေးမှူးရုံး | ၉၅ | ၃ | - စီမံချက်ထဲရေးဆွဲရန် ကျေးရွာလုပ်အားရှိ မြေနေရာရွေးချယ်မှု ရှိ | – |
| | ၄။ မြစိမ်းရောင်စီမံကိန်းရရှိရန် | ၉၁ | ၄ | – ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |

| | | | | |
|---|---|---|---|---|
| ၅။ လူနာတင်ယာဉ်(၁)စီး | ၈၈ | ၅ | - ရပ်မိ/ဖများနှင့်တိုင် ပင်ညှိနိုင်းပြီး သင့်တင့် သောနှုန်းကို ကောက်ခံရန်၊ ကျေးလက်ဦးစီးဌာန ထံ တင်ပြတောင်းခံ ရန် | |
| ၆။ မူးယစ်ဆေးဝါးအန္တရာယ်ကို ဖြေရှင်းပေးရန် | ၇၆ | ၆ | -ကျောင်းပညာရေး သင်ရိုးညွှန်းတမ်းထဲတွင် ရေးသွင်းရန် စဉ်ဆက်မပြတ်ဖမ်း ဆီးအရေးယူမှုများ ပြုလုပ်သင့် မိဘ ပြည်သူပါဝင်လာ အောင် လုပ်ဆောင်သင့် | – |
| ၇။ ကျေးရွာအတွက် စတီးမဏ္ဍာပ်တစ်ခုလို | ၇၅ | ၇ | – သင့်တင့်သောရန်ပုံ ငွေရှာနိုင်၊လုပ်အား အင်အားရှိ၊ ကျေးလက်ဦးစီးဌာနတွင် တောင်းခံသွားရန် | |
| ၈။ရေလွှဲဆည်(၂)ခုပြန်လည် ပြုပြင်တည်ဆောက်ရန် | ၆၂ | ၈ | -ကျေးလက်ဒေသဖွံ့ ဖြိုးရေးစီမံချက်တွင် ထည့်သွင်းတောင်းခံ ရန်၊ဆည်များပြုပြင် တည်ဆောက်ရန် | |
| ၉။ ကျေးရွာကုန်ထုတ်တံတား(၁)စီး တည် ဆောက်ရန် | ၆၀ | ၉ | -ကျေးလက်ဖွံ့ဖြိုးရေး တွင်တောင်းခံရန် ကျေးရွာလုပ်အားနှင့် ပူးပေါင်းဖြေရှင်း | |

| | | | | |
|---|---|---|---|---|
| | ၁၀။ အားကစားကွင်းဆက်စပ် ပစ္စည်းလိုအပ် | ၅၇ | ၁၀ | -သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် |
| | ၁၁။ မီးသတ်ရေကန်တည်ဆောက်ရန် | ၅၃ | ၁၁ | • ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်၌ ထည့်သွင်းရေးဆွဲရန် ကျေးရွာ၌ လုပ်အား ပါဝင်နိုင်၊အတင်း အကြပ်ခွဲတမ်း ကောက်ခံရင်ဖြစ်နိုင် |
| | ၁၂။ စပါးဈေးနှုန်းသတ်မှတ်ပေးရန် | ၅၁ | ၁၂ | • စိုက်ဘဏ်မှ ငွေထုတ် ချေးပေးမှုရှိ |
| | ၁၃။ ဓါတ်မြေသြဇာဈေးနှုန်းနှိမ့်ချရန် | ၅၀ | ၁၃ | -ဈေးနှုန်းသက်သာ သည့်ဈေးနှုန်းဖြင့် လုပ်ဆောင်ပေး |
| | ၁၄။ အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေး ရန် | ၄၈ | ၁၄ | -ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် |
| | ၁၅။ လိုင်စင်ရသစ်အရောင်း ဆိုင်များဖွင့်လှစ်ရန် | ၄၁ | ၁၅ | -သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားရန် -ဒေသအတွက်လိုအပ် သောသစ်များ အချိန် ရာသီမရွေးဝယ်ယူရရှိမှုရှိအောင် ဆောင်ရွက်ပေးရန် |
| | ၁၆။ ကျား-မဖိနှိမ်မှုလျော့ချ | ၄၀ | ၁၆ | -ကျေးရွာရပ်မိ/ဖများ မှ ဖြေရှင်း၊အမျိုးသ မီးရေးရာ၊ |

| | | | |
|---|---|---|---|
| အခွင့်အရေးတန်းတူရရှိရန် | | | မိခင်နှင့် ကလေးအဖွဲ့အစည်း မှ ဖြေရှင်းနိုင် |
| ၁၇။ ကျန်းမာရေးစောင့်ရှောက်ဆေးဝါး | ၃၇ | ၁၇ | -သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် |
| ၁၈။ အိုးခွက်ပန်းကန်ခန်းမတစ်ခုလို | ၃၂ | ၁၈ | -ကျေးရွာမှ ပူးပေါင်း ဖြေရှင်းရန် |
| ၁၉။ ဒေသထွက်ကုန်ပစ္စည်းများ<br>ဈေးကွက် ဖန်တီးပေးရန် | ၂၈ | ၁၉ | -သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်း လမ်းဘေးဝဲယာရေနုတ်မြောင်းပြုလုပ်ခြင်း | ၁ | —— | —— | —— | —— | —— |
| ၂။ စာသင်ကျောင်းပြုပြင်ရန်၊မူကြိုကျောင်းဆောက်၊ခြံဝန်းကာ၊ဝန်ထမ်းအိမ်ယာ | ၂ | —— | —— | —— | | |
| ၃။ အုပ်ချုပ်ရေးမှူးရုံး | ၃ | —— | —— | —— | —— | |
| ၄။ မြစိမ်းရောင်စီမံကိန်းရရှိရန် | ၄ | —— | —— | | | |
| ၅။ လူနာတင်ယာဉ်(၁)စီး | ၅ | —— | —— | —— | —— | —— |
| ၆။ မူးယစ်ဆေးဝါးအန္တရာယ်ကို ဖြေရှင်းပေးရန် | ၆ | —— | —— | —— | —— | —— |
| ၇။ ကျေးရွာအတွက် စတီးမဏ္ဍာပ်တစ်ခုလို | ၇ | —— | —— | —— | —— | —— |
| ၈။ရေလှောင်ကန်(၂)ခုပြန်လည်ပြုပြင်တည်ဆောက်ရန် | ၈ | —— | —— | | | |
| ၉။ ကျေးရွာကုန်ထုတ်တံတား(၁)စီး တည် ဆောက်ရန် | ၉ | —— | —— | | | |
| ၁၀။ အားကစားကွင်းဆက်စပ်ပစ္စည်းလိုအပ် | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ မီးသတ်ရေကန်တည်ဆောက်ရန် | ၁၁ | —— | —— | | | |
| ၁၂။ စပါးဈေးနှုန်းသတ်မှတ်ပေးရန် | ၁၂ | —— | —— | —— | —— | |
| ၁၃။ ဓါတ်မြေဩဇာဈေးနှုန်းနှိမ့်ချရန် | ၁၃ | —— | —— | —— | —— | —— |
| ၁၄။ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် | ၁၄ | —— | —— | —— | —— | —— |
| ၁၅။ လိုင်စင်ရသစ်အရောင်း ဆိုင်များဖွင့်လှစ်ရန် | ၁၅ | —— | —— | —— | —— | —— |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၆။ ကျား-မဖိနှိပ်မှုလျှော့ချ အခွင့်အရေးတန်းတူရရှိရန် | ၁၆ | —— | —— | —— | —— | —— |
| ၁၇။ ကျန်းမာရေးစောင့်ရှောက်ဆေးဝါး လုံလောက်ရန် | ၁၇ | —— | —— | —— | —— | |
| ၁၈။ အိုးခွက်ပန်းကန်ခန်းမတစ်ခုလို | ၁၈ | —— | | | | |
| ၁၉။ ဒေသထွက်ကုန်ပစ္စည်းများဈေးကွက် ဖန်တီးပေးရန် | ၁၉ | —— | —— | —— | —— | —— |

**၈။ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်မူးယစ်ဆေးဝါးကဏ္ဍ**

ကျေးရွာတွင်လူနေမှုတိုးတက်ရေး အလွန်လိုအပ်ပါသည်။ အသိပညာပိုင်းဆိုင်ရာ လူငယ်လူရွယ်များသည် မူးယစ်ဆေးဝါးကိုသုံးစွဲခြင်းနှင့် အရက်သေစာသောက်စားခြင်းများ များပြားလာကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၉) စီမံကိန်းစီမံချက်နှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနည်းလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိစေရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကာလ ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။စီမံချက်များသည်မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်ကာလစီမံချက်များအတွက် ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကာလ ဖော်ထုတ်ဦးစားပေးတန်းစီ ခဲ့ကြသည်။စီမံချက်များသည်မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော် လည်း ငါးနှစ်တာကာလ တလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ စီမံချက်များကို ပြောင်းလဲလုပ်ဆောင်ရာတွင် လူထုအင်အားလိုအပ်ပါသည်။

## (ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲ ရာတွင် မြို့နယ်အဆင့် ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံ နည်းပညာအကူအညီများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကလေးပျော်၍ ဘက်စုံ တော်စေသည့်ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊ | | | √ | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး။ | | | √ | | |
| ၄ | ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | | | √ | | |
| ၅ | သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ | | | | √ | |
| ၆ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့် အစီအစဉ်များလုပ်ဆောင်ခြင်း | | | | √ | |
| ၇ | မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာ အတူ

ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များ ပေါ်မူတည်၍တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေး မှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ပြဿနာများ၊

- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။ ယင်းအခြေခံ သတင်းအချက် အလက်များ-ပေါ်မူတည်၍တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၇ | ၁၁ | ၁.၇၇% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၇ | ၂၃ | ၄၀ | ၆.၄၅% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၃ | ၄၃ | ၆.၉၄% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၂ | ၄၇ | ၇၉ | ၁၂.၇၄% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၃ | ၂၀၁ | ၃၇၄ | ၆၀.၃၂% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၄၉ | ၇၃ | ၁၁.၇၇% |
| **စုစုပေါင်း လူဦးရေ-၆၂၀** | | **၂၇၀** | **၃၅၀** | **၆၂၀** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၀၅** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်သာကျေးရွာအတွင်း အလုပ်လုပ်နိုင်သူစုစုပေါင်း(၃၇၄)ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၆၀.၃၂)%ရှိပါသည်။သက်ကြီးရွယ်အို(၆၀)နှစ်အထက် စုစုပေါင်း(၇၃)ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့်(၁၁.၇၇)%ရှိကြောင်းတွေ့ရှိရပြီး အိမ်ထောင်စု စုစုပေါင်း(၁၀၅)စုရှိပြီး တစ်အိမ် ထောင်လျှင် ပျမ်းမျှလူဦးရေမှာ (၆)နှုန်းရှိပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | | **တွဲဖက် လုပ်ကိုင် သူဦးရေ** | **မှတ်ချက်** |
|---|---|---|---|---|---|---|
| | | **အိမ် ထောင်စု** | **%** | **မိသားစု ဝင်လုပ် အား** | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | | ၁၆ | - | |
| | အလုပ်သမား၊ ကျပန်း၊ | ၂၂ | | ၂၅ | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | | ၄ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၂ | | ၁၈ | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | ၃၀ | ပညာရေးဆရာမ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | ၁၀ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | | ၁၁ | - | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | - | |
| | **စုစုပေါင်း** | **၁၀၅** | **-** | **၈၆** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။။။** ကျေးရွာအတွင်း ကိုယ်ပိုင်လယ်ယာမြေလုပ်ကိုင်မှုနည်းပါးခြင်း၊ အငှားလိုက် အိမ်ထောင်စုများပြားခြင်း၊ပန်းရံ၊လက်သမား လက်ခစား အငှားလိုက်အိမ်ထောင်စုများ များပြားခြင်း တွေ့ရှိရပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာလုပ်ငန်းအတွက် ကျားလုပ်ခနှုန်းအများဆုံးမှာ တနေ့လျှင် ၅၀၀၀ကျပ်ရှိပြီး အမျိုးသမီးလုပ်အားခမှာ ၄၀၀၀ကျပ်နှုန်းရရှိကြောင်းနှင့် ပန်းရံ၊လက်သမားမှာ ကျား ၅၀၀၀ ကျပ်နှင့်အမျိုးသမီးလုပ်အားခမှာ ၄၀၀၀ ကျပ်ရရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၂၅ | သင့် | မရ | ကဝဆည် |
| ယာမြေ /တောင်ယာ | ၄၁ | | | |
| ဥယျာဉ်ခြံမြေ | ၄ | | | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | **၂၇၀** | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသည်။ ကဝဆည်ရှိသော်လည်း တိုက်ရိုက်ရေသွယ်မြောင်းမဟုတ်သော်ဘဲ အဆင်သင့်ရေစက်ခံဖြင့်သာ အသုံးပြုရသဖြင့် ရေရရှိမှုနည်းပါးခြင်း၊ လုံလောက်ခြင်းမရှိပါ။ နွေကာလတွင် ရေလုံးဝမရရှိပါသဖြင့် စိုက်ပျိုး၍မရပါ။ရေပေါက်အမှတ်(၆၀၅)(၆၀၆)များရှိ ဆည်အားပြုပြင်မွမ်းမံပေးပါက ရေရရှိမှုပိုမိုလာနိုင်ပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | သင့် | လွယ် |
| **အခြားသဘာဝရင်းမြစ်** | | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မတွေ့ရှိပါ။ နွားစာအတွက်မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်သည်။ စားကျက်မြေသီးသန့် မရှိတော့ပါ။ ဆေးဘက်ဝင် အပင်များမှာ ဒေသတွင်း သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၉ | ၁၂ | ၁ | - |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး | ထရံကာ၊ပျဉ်ခင်း | ထရံကာ၊ကြမ်းခင်း၊ သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန် စက်၊နွား | လက်တွန်းထွန်စက်၊ နွား | နွား | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ထော်လာဂျီ၊ ဆိုင်ကယ် | ဆိုင်ကယ်၊စက်ဘီး | ဆိုင်ကယ်၊စက် ဘီး | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊အရောင်း အဝယ် | ကျဘမ်း၊လယ်၊ အရောင်းအဝယ် | ကျဘမ်း | ကျဘမ်း |
| အိမ်ထောင်စု - ၁၀၅ | ၂၀ (၁၉%) | ၂၂ (၂၀%) | ၃၂ (၃၀%) | ၃၁ (၂၉%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အဆင်ပြေသောအိမ်ထောင်စုနည်းပါးပြီး ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု များပြားကြောင်းတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | တစ်နေ့လုပ်တစ်နေ့စား |
| ၃ လနှင့် ၅ လ အထိ | ၁၈ | | တစ်နေ့လုပ်တစ်နေ့စား |
| ၆လ မှ ၁၂ လ အထိ | ၀ | ၀ | တစ်နေ့လုပ်တစ်နေ့စား |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း အဆင့်(၃)နှင့်(၄) အိမ်ထောင်စုသမားများသည် ဝမ်းစာရေးအတွက် တစ်နေ့လုပ် တစ်နေ့စား လုပ်စားနေရသော လူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာအတွင်း မိဘမဲ့၊ဉာဏ်ရည်နိမ့်၊ အသက်(၁၆)နှစ်အထက် မိန်းကလေး တစ်ဦးရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | လုပ်ငန်းရှားပါးချိန်တွင် ချေးငှား |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | လယ်ယာတိုးချဲ့ရန်မရှိ၊စိုက်ပျိုးရေးလုံလောက်မှုမရှိ |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မူးယစ်ဆေးဝါးသုံးစွဲမှု |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ကျွဲ၊နွား ခွာနာ၊လျှာနာဖြစ်ခြင်း၊ဝက်နားရွက်ပြာ၊ကြက်လည်လိမ် |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာလုပ်ငန်းပြီးဆုံးချိန်တွင် ပန်းရံလုပ်ငန်းအများဆုံး လုပ်ကိုင်ကြပြီး ဖားကန့်ကျောက်မှော်သို့ အလုပ်သွားလုပ်သူ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးသုံးစွဲမှု |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင်ရှားပါး |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင်ရှားပါး |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ရှားပါးချိန်တွင် ချေးငှားစားသောက်ရ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | မူးယစ်ဆေးဝါးသုံးစွဲ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | ဆေးထိုးအပ်မှ ကူးစက်နိုင် |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | ဒေသတွင်း လက်လီ၊ လက်ကားရောင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်လုပ်လက်စားများပြားပြီး အလုပ်အကိုင်ရှားပါးချိန်တွင် ချေးငွေများကို ငွေတိုးပေး၍ ချေးယူသုံးစွဲရခြင်းကြောင့် ကျပ်တည်းမှုပြဿနာ၊ ကျေးရွာရှိလူငယ်ထု အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူမှုရေးပြဿနာ၊ ကျန်းမာရေးကူးစက်ရောဂါ ပြဿနာများ ရှိကြောင်း တွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ရပ်မိရပ်ဖ | ၃ | ၁၀ | ၀ | ၁၀ | ဘက်စုံကူညီ | ၄ | ၇ |
| ၂ | မိခင်နှင့်ကလေး | ၂ | | ၂၀ | ၂၀ | အမျိုးသမီးကာကွယ် | ၅ | ၇ |
| ၃ | အမျိုးသမီးရေးရာ | ၂ | | ၂၀ | ၂၀ | အမျိုးသမီးကာကွယ် | ၅ | ၇ |
| ၄ | မီးဘေးကြိုတင်ကာကွယ်မှု | ၂ | ၇ | ၃ | ၁၀ | မီးဘေးအန္တရာယ်ကာကွယ်ရေး | ၄ | ၇ |
| ၅ | ဂေါပကအဖွဲ့ | ၃ | ၂၀ | ၈ | ၂၈ | ဘာသာရေး | ၅ | ၇ |
| ၆ | ဓမ္မစကြာဝတ်ရွတ်အသင်း | ၃ | | ၄၂ | ၄၂ | ဘာသာရေး | ၅ | ၇ |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရပ်မိရပ်ဖများသည် ကျေးရွာ၏လိုအပ်သောနေရာများတွင် ဘက်စုံ ကူညီဆောင်ရွက်ပြီး မိခင်နှင့်အလေး၊အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာရှိအမျိုးသမီးထု၏ လိုအပ်ချက်ကို ကူညီဆောင်ရွက်ပြီး မီးဘေးကြိုတင်ကာကွယ်ကျေးရွာတွင် ရပ်မိရပ်ဖများသည် ကျေးရွာ၏လိုအပ်သော နေရာများတွင် ဘက်စုံ ကူညီဆောင်ရွက်ပြီး မိခင်နှင့်အလေး၊အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာရှိ အမျိုးသမီး ထု၏လိုအပ်ချက်ကို ကူညီဆောင်ရွက်ပြီး မီးဘေးကြိုတင်ကာကွယ်မှုအဖွဲ့သည် ကျေးရွာ အတွင်း မီးဘေးလုံခြုံရေး အတွက် ဖွဲ့စည်းထားကြောင်းတွေ့ရှိရပါသည်။

.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၃ | ၆၉.၅၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁ | ၀.၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၁၂ | ၁၁.၄၂% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၈ | ၁၇.၁၂% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၁ | ၀.၉% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၀၅** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသော်လည်း မြေယာမဲ့အိမ်ထောင်စုများပြားသဖြင့် လက်သမား၊ပန်းရံ၊လက်ခစား အလုပ်လုပ်သူများပြားကြောင်း တွေ့ရှိရပါသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | - | | | |
| ၈ | အခြား | မိုးရေ | | ရာသီအလိုက် | ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏လယ်ယာစိုက်ပျိုးရေးသည် မိုးရေကိုသာအဓိကအားထားရပါသည်။ မိုးခေါင်သည့်နှစ်များတွင် ရေရရှိရေးအတွက် ငွေကြေးကုန်ကျမှုများပြားပြီး အထွက်နှုန်းနည်းပါးကြောင်းတွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၂၂၅ | တင်း | ၈၀ | ၁၀၀ | ၉၀ | ဇူလိုင် | အောက်တိုဘာ | မြင့် | လတ် | |
| ဆောင်းသီးနှံ | ၃၁ | တင်း | - | - | - | အောက်တိုဘာ | ဖေဖော်ဝါရီ | လတ် | လတ် | စားဖို ဆောင်သီးနှံ |
| မြေပဲ | ၁၀ | တင်း | ၇၀ | ၈၀ | ၇၅ | ဇန်နဝါရီ | မတ် | လတ် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စပါးကို အဓိကထားစိုက်ပျိုးပြီး သွင်းအားစုအနေဖြင့် ဓါတ်မြေသြဇာ၊ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊မျိုးကောင်းမျိုးသန့်များ သုံးစွဲရပါသည်။ ဆောင်းသီးနှံ အဖြစ်စားဖိုးဆောင်သီးနှံများကို စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ မြေပဲအနည်းငယ်စိုက်ပျိုးကြ ကြောင်းတွေ့ရှိရပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | | |
| လက်တွန်းထွန်စက် | ၁၇ | - | - | - | - | - | |
| အစေ့ချ ကိရိယာ | ၂ | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | | | | | - | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | | - | - | - | - | ၃၂ | |
| ရေစုပ်စက် | ၁၅ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | - | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ကိုင်သူများမှ လက်တွန်းထွန်စက် အသုံးပြုသူ ထက်ဝက်မျှ ရှိပြီး၊ ခြွေလှေ့စက်အားပြင်ပမှ ငှားရမ်းအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ တောင်သူအများစုမှာ နွားများဖြင့်သာလုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | လက်ရှိပိုင်ဆိုင်သည့် လယ်ယာမြေမှအပ တိုးချဲ့ရန်မရှိပါ။ မြေဆီသြဇာ သင့်တင့်ကောင်းမွန်ပါသည်။ |
| ရေရင်းမြစ် | မိုးကောင်းသောက်လယ်ယာမြေ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ကြက်ချေး၊စပါးခွံများသုံးစွဲ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | လိုအပ်သည့်ပိုးသတ်ဆေးအား ပြင်ပမှ ဝယ်ယူသုံးစွဲ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြို့နယ်သမအသင်းစုမှ ချေးငွေရယူပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မိုးညှင်းမြို့ စိုက်/သုဌာနမှ အခါအားလျော်စွာ သင်တန်းပေးပါသည်။ |
| သွင်းအားစုဈေးကွက် | ပုဂ္ဂလိကဆိုင်များမှ ဝယ်ယူသုံးစွဲပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | စားဖိုးဆောင်သီးနှံများကို နန်းမားဈေးတွင်ရောင်းချပြီး စပါးကို ကုန်သည်များမှ အိမ်အရောက်လာရောက်ဝယ်ယူပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိတောင်သူများသည် မိမိတို့၏လယ်ယာမြေတွင် ရာသီအလိုက်စားဖိုဆောင်သီးနှံနှင့် မြေပဲကိုစိုက်ပျိုးကြပြီး လိုအပ်သောအရင်းအနှီးငွေကြေးအား မြို့နယ်စိုက်ဘဏ်နှင့် မြို့နယ်သမအသင်းစုမှ ချေးယူပါသည်။ထွက်ရှိသောသီးနှံများကို လက်ကားဝယ်ယူသူများမှ အိမ်အရောက်ဝယ်ယူခြင်း၊ ကျန်သီးနှံကို နန်းမားဈေးတွင် ရောင်းချကြောင်းတွေ့ရှိရပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်၊မြေရိုင်းမရှိပါ။ |
| မြေဆီသြဇာ အခြေအနေ | တင့်သင့်ကောင်းမွန်ပါသည်။ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | စိုက်ဘဏ်နှင့်သမအသင်းစုမှ ချေးယူ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စပါး မျိုးကောင်းမျိုးသန့်မျိုးများကို စိုက်/သုမှ ဝယ်ယူပြီး မြေသြဇာကို ပြင်ပဆိုင်များမှ ဝယ်ယူသုံးစွဲပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | မရှိပါ။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးကောင်းသောက်လယ်ယာမြေများဖြစ်ပါသည်။ |
| စိုက်ပျိုးရေမလုံလောက်မှု | တိုက်ရိုက်ရေသုံးစွဲနိုင်သည့်ဆည်မရှိ |
| ဖျက်ပိုးနှင့် ရောဂါ | စားဖိုးဆောင်သီးနှံများတွင် ဖျက်ပိုးအနည်းငယ်ကျရောက်ပြီးမြေပဲအတွက် ကြွက်များဖျက်ဆီး |
| ဈေးကွက် လက်လှမ်းမီမှု | ကုန်သည်ပွဲစားမှ ဝယ်ယူဈေးဖြင့်သာရောင်းချရပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မြို့နယ်စိုက်/သုမှ အခါအားလျော်စွာ သင်တန်းပေးပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်၊မြေရိုင်းမရှိခြင်း၊ လယ်ယာမြေများသို့ တိုက်ရိုက်ရေရရှိနိုင်မည့် ဆည်မရှိခြင်း၊ သီးနှံများရောင်းချရာတွင် ကုန်သည်ပွဲစားများ၏ ဈေးကစားဝယ်ယူခြင်းများရှိကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၂ | ၁၃၈ | |
| နို့စားနွား | | | |
| မြင်း | ၄ | ၈ | |
| ကျွဲ | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၂၄ | ၅၄ | |
| ကြက် | ၃၈ | ၃၉၄ | |
| ဘဲ | ၂ | ၃၃ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာမြေစိုက်ပျိုးရန်အတွက် ခိုင်းနွားများမွေးမြူကြပြီး တပိုင်တနိုင် ဝက်၊ကြက်၊ဘဲ အနည်းငယ်မွေးမြူကြကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၂.၂)		မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေသီးသန့်မရှိပါ။ |
| ရေရရှိမှု | နွားများအတွက် နန့်ရင်းချောင်းရေ၊အိမ်မွေးတိရစ္ဆာန်အတွက် နေအိမ်အတွင်းရှိ ရေတွင်း၊တုံကင်မှရရှိ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဒေသတွင်းရောင်းဝယ်သည်။ |
| ချေးငွေ | မြို့နယ်သမအသင်းစုမှ ချေးယူပါသည်။ |
| သွင်းအားစုဈေးကွက် | ဖွဲ၊ဇကွဲအား ဒေသတွင်း ဆန်စက်များမှ ဝယ်ယူသုံးစွဲ |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | လက်လီ၊လက်ကားရောင်းဝယ်သည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။**		။ ကျေးရွာအတွင်းရှိ တပိုင်တနိုင်မွေးမြူကြသည့်ကြက်၊ဝက်၊ဘဲများအား လက်လီလက်ကားရောင်းဝယ်ရာတွင်ဈေးနှိမ်ခြင်း၊ရောင်းချရန်ဝယ်လက်ခက်ခဲခြင်းများရှိကြောင်းတွေ့ရှိရပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်စိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေရရှိနိုင်မှု | မြို့နယ်သမအသင်းစုမှ ရယူနိုင်ပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ခွာနာ၊လျှာနာ၊လည်ချောင်းကွဲ၊ဝက်နာရှုက်ပြာ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | တိ/ကု ဌာနမှ သင်တန်းပေးသင့် |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ဈေးငွေရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် နည်းပညာဝန်ဆောင်မှုအချိန်မီ မရရှိနိုင်ခြင်းနှင့် မွေးမြူရေးနည်းပညာအသိအမြင်အားနည်းမှုများမှအပ ကြီးမားသော အဟန့်အတားများ မရှိပါ။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | - | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၃၁ | - | ၂၂ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | ၃ | - | လတ် |
| ၇ | လက်လီ- လက်ကားရောင်းဝယ်ရေး | ၄ | - | - | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | - | ၄ | - | |
| ၁၃ | ပညာရေး | ၂ | ၃၀ | - | |
| ၁၄ | ကျန်းမာရေး | - | ၄ | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် | ၁၂ | - | ၂၁ | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | ၁ | - | ၁ | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၅၈** | **၄၁** | **၄၄** | |

